# တရားမျှတမှုစာစောင်

## September 2022

**Thematic Analysis**
အကြောင်းအရာအလိုက် သုံးသပ်ချက်

**Situation Overview**
အခြေအနေအကျဉ်းချုပ်

**Member Update**
အဖွဲ့ဝင်များ၏ နောက်ဆုံးရသတင်း

# မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး အလားအလာ

မြန်မာစစ်တပ်သည် သမိုင်းကြောင်းအရ ခြိမ်းခြောက်အန္တရယ်ပေးခဲ့မှုများနှင့် အလားအလာကောင်းများကို ဖျက်ဆီးခဲ့မှုများရှိခဲ့သောကြောင့် မြန်မာပြည်ငြိမ်းချမ်းရေးပန်းတိုင်သည် ရှည်လျားပြီး စိတ်ပျက်ဖွယ်ဖြစ်နေသည်။ ကာလကြာရှည် အပစ်အခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီမှုကို ချိုးဖောက်ခြင်းနှင့် လက်နက်မဲ့ပြည်သူများအပေါ် အသက်အန္တရယ်ကျရောက်စေသော တိုက်ခိုက်မှုများသည် သက်သေပင်ဖြစ်သည်။ မတူညီသည့် ခေတ်ကာလအဆက်ဆက် တိုင်းရင်းသားလူမျိုးစုများအပေါ် ကျူးလွန်ခဲ့ သော အကြမ်းဖက်လုပ်ရပ်များကြောင့် သိန်းပေါင်းများစွာသော တိုင်းရင်းသားလူမျိုးစုများသည် အသက်ဘေးမှ လွတ်မြောက်ရန်အတွက် နယ်စပ်ဒေသများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ စစ်အာဏာသိမ်းခဲ့သော ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့ စစ်အာဏာသိမ်းသည့်အချိန်ကတည်းမှ ငြိမ်းချမ်းရေး ကြိုးပမ်းဆောင်ရွက်မှုများသည် အလိုအလျှောက် အဆုံးသတ်ခဲ့သော်လည်း အကြမ်းဖက်စစ်ခေါင်းဆောင် မင်းအောင်လှိုင်သည် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး ဆွေးနွေးရန် စတင်ကြိုးစားအားထုတ်လာခဲ့သည်။

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်–မြန်မာနိုင်ငံ (ND–Burma) ၏ အဖွဲ့ဝင်အဖွဲ့အစည်းဖြစ်သည့် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများအဖွဲ့အနေဖြင့် "ငြိမ်းချမ်းရေးသည် ပြည်တွင်းစစ်မှလွတ်မြောက်ပြီး၊ ပြည်သူအားလုံးကြား သဘောတူညီမှုနှင့် သဟဇာတရှိမှုတို့၌ အခြေပြုနေသည်ဟု" သုံးသပ်သည်။ သို့သော် မြန်မာနိုင်ငံတစ်ဝှမ်း ဆယ်စုနှစ် ခုနစ်ခု ကြာဖြစ်ပွားနေသော ရက်စက်ကြမ်းကြုတ်သည့် ပြည်တွင်းစစ်ကြီး ဆက်လက်ဖြစ်ပွားနေခြင်းသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့် မျှော်မှန်းချက်များကို ဖြည့်ဆည်းပေးမည့် စစ်မှန်သောဖက်ဒရယ်စနစ်ကို တည်ဆောက်ရန် စိန်ခေါ်မှု တရပ်အနေဖြင့် ရှိနေသည်။

*"မြန်မာနိုင်ငံကဲ့သို့ ယဉ်ကျေးမှုပေါင်းစုံရှိသည့် လူမှုအဖွဲ့အစည်းအတွက် ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေး၏ အကြီးမားဆုံး စိတ်ခေါ်မှုတရပ်မှာ အစိုးရအနေဖြင့် လူနည်းစုများကို လူများစုနည်းတူ တန်းတူ ဆက်ဆံမှာလား"* ဟု လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများအဖွဲ့မှ ကိုအောင်ဇော်ဦးက ပြောသည်။



# မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး အလားအလာ

ဆက်လက်ပြီး ၎င်းမှ *“ဒေသတွင်းနှင့် ကမ္ဘာတဝှမ်းမှ လူမှုအဖွဲ့အစည်းတွေကြား ဆက်ဆံရေးတည်တံ့စေရန်နှင့် လူမှုအဖွဲ့အစည်းအဆင့်တိုင်းတွင် ရေရှည်လက်တွဲလုပ်ဆောင်သောအခါ ငြိမ်းချမ်းရေးတည်ဆောက်မှုဟာ မဟာဗျူဟာ ဖြစ်လာသည်”* ဟု ထပ်လောင်းပြောကြားခဲ့သည်။

ND–Burma ၏ ဆက်စပ်အဖွဲ့ဝင်အဖွဲ့အစည်းဖြစ်သည့် ချင်းလူ့အခွင့်အရေးအဖွဲ့အစည်း (CHRO)မှ ငြိမ်းချမ်းရေးရရှိရန် စည်းလုံးညီညွတ်မှုသည်လည်း အရေးပါသော စိန်ခေါ်မှုတရပ်ဖြစ်ကြောင်း မှတ်ချက်ပြုထားသည်။ တိုင်းရင်းသားတို့၏ ပန်းတိုင်ဖြစ်သော လွတ်လပ်၍တရားမျှတသော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးသည် ငြိမ်းချမ်းရေးကို အရင်းခံယုံကြည်နေကြသည့် တိုင်းရင်းသားတို့အတွက် *“အဖွဲ့လိုက် အလုပ်လုပ်ဆောင်သည့်အခါမှာ မည်သည့်ဝင်ရောက် စွက်ဖက်မှုနှင့် နှောင့်ယှက်မှုတစ်စုံတရာမရှိပဲ လွတ်လပ်စွာလုပ်ဆောင်ခွင့်ရှိရမယ်”* ဟု ချင်းလူ့အခွင့် အရေးအဖွဲ့အစည်း( CHRO) ဝန်းထမ်း ဆလိုင်းဘင်ဂျင်မင်မှ ပြောသည်။ ဆက်လက်ပြီး *“ ငြိမ်းချမ်းရေးဆိုသည်မှာ လူတိုင်းတန်းတူညီမျှခြင်းဖြစ်သည်”*ဟု ၎င်းမှ ထပ်လောင်းမှတ်ချက်ပြုခဲ့သည်။

မြန်မာပြည်ငြိမ်းချမ်းရေးအတွက် အဓိကစိန်ခေါ်မှုများထဲမှ တစ်ခုမှာ စစ်တပ်မှရေးဆွဲထားသော အခြေခံဥပဒေသည် ချို့ယွင်းချက်များစွာနှင့် ပြဿနာများစွာရှိနေခြင်းဖြစ်သည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေထဲတွင် ရေးဆွဲထည့်သွင်းထားသည့် အချက်အလက်များသည် စစ်အာဏာရှင်များအား ဥပဒေအရနှင့် လူမှုရေးကဏ္ဍ အားလုံးနီးပါးတွင် အကာအကွယ်ပေးထားရုံမက၊ ၎င်းတို့အတွက် လွတ်ငြိမ်းချမ်းသာခွင့် ရဖို့ရန်ခိုင်မာအောင် မြှင့်တင်ရေးဆွဲထားသည်။

စစ်တပ်၏ မဟာလူမျိုးကြီးဝါဒ၊ အာဏာရှင်အုပ်ချုပ်မှုစနစ်နှင့် စီးပွားရေး အဂတိလိုက်စားမှုများကြောင့် ငြိမ်းချမ်းရေး အလားအလာအားလုံး ပျက်ပြားခဲ့ရသည်။ ထို့အပြင် တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးများအတွက် စိတ်ရင်းမှန်မရှိသောကြောင့် လည်းဖြစ်သည်။ တိုင်းရင်းသား လူနည်းစုများသည် အပယ်ခံရမှုများနှင့် ခွဲခြားဆက်ဆံခံရမှုများကို ကာလကြာရှည်စွာ ခံစားခဲ့ရသောကြောင့် ယုံကြည်မှုကင်းမဲ့လာသည်။

# မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး အလားအလာ

ND–Burma အဖွဲ့ဝင်ဖွဲ့အစည်းဖြစ်သည့် ကချင်အမျိုးသမီးများအစည်းအရုံး– ထိုင်းနိုင်ငံ (KWAT)မှ အမှန်တရားရှာဖွေရေးနှင့် အကာအကွယ်ပေးရေး ယန္တရားများ တိုးတက်အောင် ဖော်ဆောင်ရန်လိုအပ်သည်ဟု သုံးသပ်သည်။

*“မြန်မာစစ်တပ်သည် အရပ်သားပြည်သူများအပေါ် ရက်စက်ယုတ်မာမှုများ၊ လူမျိုးတုံးသတ်ဖြတ်မှု များနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်နေသည့် စစ်ရာဇဝတ်မှုများကို ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင် နေသည်”* ဟု ND–Burma အဖွဲ့ဝင် ကချင်အမျိုးသမီးများအစည်းအရုံး ထိုင်းနိုင်ငံ (KWAT) မှတ်တမ်းနှင့် သုသေသန ဌာန ညှိနှိုင်းဆောင်ရွက်ရေးမှူး Ah San မှပြောသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အခန်းကဏ္ဍများတွင် အမျိုးသမီးများ၏ပါဝင်နိုင်မှုသည် ပုံမှန်အားဖြင့် ငြင်းပယ်ခံရလျက်ရှိပြီး အမျိုးသမီးများ၏ လုပ်နိုင်စွမ်းအားနှင့် အတွေ့အကြုံများသည် ဘေးဖယ်ခံထားရသည်။ *“ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် မည်သည့်ကိစ္စရပ်တိုင်း၌မဆို အမျိုးသမီးများ၏ ပါဝင်နိုင်မှုအခန်း ကဏ္ဍ ရှိရမှာဖြစ်ပြီး ထိုသို့ပါဝင်လာနိုင်အောင်လည်း ပံ့ပိုးပေးရမှာဖြစ်တယ်”* ဟု ၎င်းမှ ထပ်လောင်း ပြောခဲ့သည်။

ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ND–Burma အဖွဲ့ဝင်များ၏ နောက်ထပ်ဆွေးနွေးသုံးသပ်သည့် သော့ချက်မှာ အားလုံးပါဝင်သော အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်မှတဆင့် အတိတ်မှ မတရားမှု များအတွက် တရားမျှတမှုကို ရှာဖွေခြင်းနှင့် ပြန်လည်ကုစားပေးခြင်းသည် အရေးကြီးသည့် ကဏ္ဍဖြစ်သည်။ ဤလုပ်ငန်းစဉ်ကို စတင်ဖို့ရန်မှာ မြန်မာ့တပ်မတော်ကို ဖျက်သိမ်းပြီး ဒီမိုကရေစီနည်းကျ ရွေးကောက်ခံထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ပြန်လည်နေရာပေးခြင်းဖြင့် စတင်ရမည် ဖြစ်သည်။

# မြန်မာနိုင်ငံတဝှမ်း လူတစ်သိန်းကျော် အိုးအိမ်စွန့်ခွာထွက်ပြေးနေကြရပြီး လူသားချင်းစာနာထောက်ထားမှု အကူအညီများအရေးပေါ်လိုအပ်နေသည်။

## ချင်းပြည်နယ်

ချင်းပြည်နယ်အတွင်း စစ်တပ်၏ထိုးစစ်ဆင်မှုများကြောင့် အရပ်သားပြည်သူများအသက်အန္တရာယ် ထိခိုက်ခဲ့ရသည်။ စစ်တပ်၏ အပြင်းအထန် တိုက်ခိုက်မှုကိုခံရသော်လည်း၊ တော်လှန်ရေးအဖွဲ့များ၏ မဆုတ်မနစ် တွန်းလှန်ခုခံခဲ့မှုများကြောင့် ပြည်နယ်အတွင်း နယ်မြေ ၇၀% ခန့်ကို တော်လှန်ရေးအဖွဲ့မှ ထိန်းချုပ်ထားနိုင်ခဲ့သည်။ ၂၀၂၂ခုနှစ်၊ စက်တင်ဘာ ၁၉ ရက်နေ့တွင် ချင်းပြည်နယ်အခြေစိုက် မြန်မာ တပ်စခန်းတစ်ခုကို စီးနင်းတိုက်ခိုက်ခဲ့ရာ စစ်အုပ်စု၏ စစ်သည်အများအပြား သေဆုံးခဲ့သည်ကို တွေ့ရသည်။ ထိုမျှမက ပြီးခဲ့သည့်လ ချင်းပြည်နယ် ဟားခါးမြို့တွင် ဖြစ်ပွားခဲ့သည့်တိုက်ပွဲအတွင်း၌ အကြမ်းဖက်တပ်ဖွဲ့ဝင် ၆၀ ထက်မနည်း သေဆုံးခဲ့သည်။

## ကချင်ပြည်နယ်

၂၀၂၂ ခုနှစ်၊ ဇူလိုင်လမှစတင်ကာ ကချင်ပြည်နယ် ဝိုင်းမော်မြို့၌ စစ်အာဏာရှင်တို့၏ အကြမ်းဖက် ထိုးစစ်ဆင်တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ ၃၀၀၀ ခန့် ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ စစ်တပ်၏လေကြောင်းနှင့် မြေပြင်ထိုးစစ်ဆင်တိုက်ခိုက်မှုများကြောင့် နေထိုင်ရာကျေးရွာများတွင် လုံခြုံမှုမရှိတော့၍ ဘေးကင်းရာ နေရာဒေသများသို့ ပြောင်းရွှေ့နေထိုင်နိုင်ရန် ရှာဖွေပြင်ဆင်ကြရသည်။ အာဏာရှင်စစ်တပ်သည် ဝိုင်းမော်၊ ဖားကန့်၊ တနိုင်းနှင့် ရွှေကူမြို့နယ်များရှိ ကချင်လွတ်လပ်ရေးတပ်မတော် (KIA) အား တိုက်ခိုက်ခဲ့သည်။ ထိုအကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ထောင်နှင့်ချီသောပြည်သူများရွာများကို စွန့်ခွာခဲ့ရကြောင်း KIA မှထုတ်ပြန်ခဲ့သည်။ တိုက်ပွဲများဖြစ်စဉ်အတွင်း စစ်အာဏာရှင်တပ်သည် ရာနှင့်ချီသော ကျေးရွာနေအိမ်များကိုလည်း ရည်ရွယ်ချက်ရှိရှိ မီးတင်ရှို့ခဲ့ကြသည်။ ထို့ ကြောင့် ကချင်ပြည်နယ်တစ်ခုတည်းတွင် စစ်ဘေးရှောင်ဒုက္ခသည်ပေါင်း ၁၅၀,၀၀၀ ကျော်ခန့်ရှိနေသည်။

## အခြေအနေအကျဉ်းချုပ်

### ကရင်ပြည်နယ်

အကြမ်းဖက်တပ်မတော်နှင့် ကရင်အမျိုးသားတပ်မတော် (KNLA) တို့အကြား လေးကေ့ကော်ဒေသတွင် တိုက်ပွဲများပြန်လည် စတင်ဖြစ်ပွားခဲ့သည်။ စစ်တပ်သည် KNLA တပ်မဟာ ၆ ထိန်းချုပ်ရာဒေသ အတွင်းရှိ ၎င်း၏အခြေစိုက်စခန်းများ လုံခြုံမှုရှိဖို့ရန် ကြိုးစားလုပ်ဆောင်လာသည်။ အမြောက်များဖြင့် အဆက်မပြတ်ပစ်ခတ်နေသောကြောင့် ပြည်သူများကို သတိထားနေဖို့ရန် သတိပေးချက်ထုတ်ပြန်ထားသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) မှ ဩဂုတ်လ ၁၂ ရက်နေ့ နှင့် ၁၄ ရက်နေ့ အခမ္မပျောက်ဆုံးမှု ဖြစ်စဉ်များကို သတင်းထုတ်ပြန်ခဲ့သည်။

### ကယား (ကရင်နီ) ပြည်နယ်

တိုးတက်သော ကရင်နီပြည်သူ့အင်အားစု (PKPF) ၏ အဆိုအရ ကရင်နီပြည်နယ်တွင် အရပ်သား ၃၃၂ ယောက် သေဆုံးမှုအတွက် မြန်မာစစ်တပ်တွင် တာဝန်ရှိသည်ဟုဆိုသည်။ အများစုမှာ စစ်အစိုးရ၏ ဖမ်းဆီး ခေါ်ဆောင်သွားခြင်း ခံရပြီးနောက် သတ်ဖြတ်ခံခဲ့ရသည်။ လက်နက်ကြီး ကျရောက်ပေါက်ကွဲမှုကြောင့် အသက်တစ်နှစ်အရွယ် ကလေးငယ်တစ်ဦးသေဆုံးခဲ့ပြီး မြေ မြှုပ်မိုင်းနင်းမိသူ ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ကရင်နီလူ့အခွင့်အရေးအဖွဲ့ (KnHRG) မှ သတင်းထုတ်ပြန်ခဲ့သည်။ ထို့အပြင် စက်တင်ဘာ ၈ ရက်နှင့် ၁၂ ရက်ကြား ဖြစ်ပွားခဲ့သော တိုက်ပွဲများအတွင်း ဘုရားကျောင်းအပါအဝင် အဆောက်အဦး ၁၀၀ ပျက်စီးခဲ့ပြီး လူဦးရေ ၅၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရကြောင်းကိုလည်း ကရင်နီလူ့အခွင့်အရေးအဖွဲ့ KnHRG မှ မှတ်တမ်းတင်ထားသည်။

## အခြေအနေအကျဉ်းချုပ်

### မွန်ပြည်နယ်

ND-Burma အဖွဲ့ဝင်အဖွဲ့အစည်းဖြစ်သော မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း (HURFOM)၏ အဆိုအရ မွန်ပြည်နယ် ကျိုက်မရော မြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် စစ်တပ်မှ ၎င်းတို့၏အုပ်ချုပ်ရေးရုံးများ၊ စာသင်ကျောင်းများနှင့် အခြားသော ရပ်ရွာနယ်နမိတ်များကို တိုက်ခိုက်ခံရခြင်းမှ ကာကွယ်ရန်အတွက် ကျေးရွာသားများကိုကင်းတပ်အဖြစ် မတရားခိုင်းစေခံနေရကြောင်း ဒေသခံများက အစီရင်ခံတင်ပြထားသည်။ ရပ်ရွာလုံခြုံ ရေးသည် စစ်အစိုးရ၏ အုပ်ချုပ်မှုအောက်တွင် ရှိနေသော်လည်းပဲ၊ အဆိုပါဒေသတွင် ဆက်လက်ဖြစ် ပွားနေသော ပဋိပက္ခများကြောင့် စစ်သားများသည် ဒေသခံ ကျေးရွာပြည်သူများအား ကျေးရွာများအတွင်းရှိ စစ်တပ်နှင့်သက်ဆိုင်သည့် ဌာနများနှင့် အဆောက်အဦးများကို အတင်းအကြပ် စောင့်ကြပ် ခိုင်းစေခဲ့သည်။

### ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ် စစ်တွေမြို့တွင် စက်တင်ဘာလဆန်းပိုင်း၌ ရိုဟင်ဂျာ အမျိုးသားတစ်ဦးသည် စစ်တွေမြို့ထဲသို့ ဆိုင်ကယ်ဖြင့်ခရီးသွားရင်း စစ်တပ်ရဲ့စစ်ဆေးရေးဂိတ် တစ်ခုအရောက်တွင် သေနတ်ဖြင့် ပစ်သတ်ခံခဲ့ရသည်။ ထိုလူငယ်သည်အသက် ၂၀ သာရှိသေးပြီး စစ်တပ်၏ တားဆီး စစ်ဆေးမှုခံနေရကြောင်း ၎င်း၏အိမ်သို့ ဖုံးဆက်အကြောင်းကြားပြောဆိုနေစဥ် လည်ပင်းကျည်ဖောက်ဒဏ်ရာ ဖြင့် ပစ်သတ်ခံခဲ့ရသည်။ ရဲတပ်ဖွဲ့ဝင်များသည် ရက်စက်ကြမ်းကြုတ်သည့် စစ်ဆင်ရေးများ ကျူးလွန်နေချိန်၊ လုံခြုံရေးကင်းမဲ့နေမှုသည် ၎င်းတို့အား အကာအကွယ်ပေးမယ့်သူ မရှိသကဲ့သို ခံစားရစေသည်ဟု ဒေသခံရိုဟင်ဂျာများမှ ပြောပြခဲ့သည်။ တဆက်တည်းမှာပင် ရက္ခိုင့်တပ်တော်နှင့် စစ်တပ်ကြားတွင် တင်းမာမှုများ တိုးလာနေတာကြောင့် ရခိုင်ပြည်နယ်တွင် အခြေအနေများ ဆိုးရွားလာနေသည်။

# အခြေအနေအကျဉ်းချုပ်

## ရှမ်းပြည်နယ်

စစ်တပ်၏ လူ့အခွင့်အရေးချိုးဖောက်မှုများထဲ၌ရှမ်းပြည်နယ်
တောင်ပိုင်းတွင် ဖြစ်ပျက်ခဲ့သော အကြမ်းဖက်တပ်သား
သုံးဦး၏ ရိုက်နှက်ခြင်းကိုခံခဲ့ရသော နွားကျောင်းထွက်လာ
သည့် လယ်သမားတစ်ဦး၏ ဖြစ်စဉ်လည်း ပါဝင်သည်။ ထို
လယ်သမားသည် ကျေးရွာအနီးရှိ စားကျက်မြေတွင် လွှတ်
ထားသော ၎င်းပိုင်ကျွဲနွားများကို စောင့်ကြည့်စဉ် လည်ပင်း
ခါးဖြင့် လှီးဖြတ်ခံခဲ့ရသည်။ မိမိအပိုင်နွားကို ပစ်သတ်
ရန်စစ်သားများ သေနတ်ဖြင့်ချိန်ရွယ်နေချိန် လယ်သမား
မှ တားမြစ်ခဲ့သော်လည်း ၎င်းအားဒူးထောက်ရန် စစ်သား
မှ ခိုင်းစေခဲ့သည်။ လယ်သမားသည် ဒူးမထောက်သဖြင့်
ရက်ရက်စက်စက် နှိပ်စက်ခံခဲ့ရပြီး ဒဏ်ရာအတွက် အချက်
ပေါင်းများစွာ ချုပ်ခဲ့ရသည်။

ဖယ်ခုံမြို့နယ် မိုးဗြဲမြို့တွင် တိုက်ပွဲများပြင်းထန်စွာဖြစ်ပွား
ခဲ့ပြီးနောက် အကြမ်းဖက်တပ်ဖွဲ့ဝင် ဒါဇင်ပေါင်းများစွာ ကျ
ဆုံးသွားပြီး တပ်ဆုတ်ခွာခဲ့သည်။ တပ်မဆုတ်မီ ဘုရား
ကျောင်းများအပါအဝင် အရပ်သားပြည်သူများ နေထိုင်
ရာအနီးတဝိုက်တွင် မြေမြှုပ်မိုင်းများထောင်ထားခဲ့သည်။
အဆိုပါထိုးစစ်များကြောင့် ဒေသခံ ၅၀၀၀ ခန့် ထွက်ပြေးခဲ့
ကြရပြီး ပြည်သူ့ကာကွယ်ရေးတပ်( PDF) မှ တပ်ဖွဲ့ဝင်နှစ်ဦး
နှင့် ရှစ်နှစ်အရွယ်ကလေးတစ်ဦး သေဆုံးခဲ့သည်။ နောင်ချို
အပါအဝင် ရှမ်းပြည်နယ် စစ်ဘေးရှောင် ဒုက္ခသည်စခန်းများ
တွင် စားနပ်ရိက္ခာပြတ်လပ်မှုရှိနေပြီး ၎င်းတို့၏ အသက်ရှင်
ရပ်တည်ရေးကို ခြိမ်းခြောက်လျက်ရှိသည်။

## တနင်္သာရီတိုင်းဒေသကြီး

တနင်္သာရီတိုင်းဒေသကြီးတွင် စစ်တပ်၏လူ့အခွင့်အရေး
ချိုးဖောက်မှုများ အပြင်းအထန်ဆိုးရွား လာနေသည်။
ND-Burma အဖွဲ့ဝင်အဖွဲ့အစည်းဖြစ်သော မွန်ပြည် လူ့အ
ခွင့်အရေးဖောင်ဒေးရှင်းမှ မြန်မာစစ်တပ်သည် ထားဝယ်
ခရိုင်ကလိုင်မြို့နယ်၊ ကန်ပေါက်မြို့နယ်အတွင်းရှိ ကျေးရွာ
များ၌ ကင်းလှည့်သွားလာနေကြောင်း သတင်းပေးပို့
ထားသည်။ စစ်တပ်သည် အတိုက်အခံအင်အားစုများနှင့်
ပတ်သက်သည်ဟု သံသယရှိသူတိုင်းကို ဖမ်းဆီးနေသည်။
ထို့ကြောင့် အရပ်သားပြည်သူများသည် နေအိမ်မှ ထွက်ခွာ၍
အသက်မွေး ဝမ်းကြောင်းနှင့် အလုပ်အကိုင် အခွင့်အလမ်း
များကို ရှာဖွေဖို့ရန် ချီတုံချတုံ ဖြစ်နေကြရသည်။ ထားဝယ်
အရှေ့ပိုင်းတွင်လည်း အမျိုးသမီးများနှင့် ကလေးများ
အပါအဝင် ဒေသခံ ၁၃၀ ကျော်ကို စစ်တပ်မှ လူသားဒိုင်းများ
အဖြစ် အသုံးပြုပြီး ညှင်းပန်းနှိပ်စက်ခဲ့သည်။ အထူးသဖြင့်
အမျိုးသားများသည် သေနတ်ဒင်များဖြင့် ရိုက်နှက်နှိပ်စက်ခံ
ရပြီး အစာရေစာလည်း ပြတ်လပ်ခံခဲ့ရသည်။

အဖွဲ့ဝင်များ၏ နောက်ဆုံးရသတင်း

## Human Rights Foundation of Monland

မွန်ပြည် လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ တစ်လတာအတွင်း မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဖြစ်ပျက်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်ခံရမှုများ လစဉ်အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။

## Chin Human Rights Organization

ချင်းလူ့အခွင့်အရေးအဖွဲ့ CHROသည် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၁၅ ရက်နေ့တွင် ကျင်းပသော “International Colloquium – Democracy In Crisis” ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခဲ့သည်။

## Progressive Voice

Progressive Voice သည် စက်တင်ဘာ ၃၀ ရက်နေ့တွင်“လူသားချင်းစာနာထောက်ထားမှု အကူအညီများ ရပိုင်ခွင့် – မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် ကရင်နီပြည်”ဆွေးနွေးပွဲကို Migrant, Immigrant & Refugee Rights Alliance, US Campaign for Burma , Unitarian Universalist Service Committee တို့နှင့်အတူ ကျင်းပခဲ့သည်။




https://nd-burma.org/

https://twitter.com/NDBurma

https://www.facebook.com/theNDBurma